သတင်းထုတ်ပြန်ချက်

# မြန်မာနိုင်ငံသားများ အတင်းအကျပ် နေရပ်ပြန်ပို့ခြင်းနှင့် စစ်မှုထမ်းရန် စုဆောင်းခြင်းတို့တွင် ထိုင်း-မြန်မာစစ်အုပ်စု ပူးပေါင်းဆောင်ရွက်နေ


**Fortify Rights အဖွဲ့က တရားဝင် ခိုလှုံခွင့်လုပ်ငန်းစဉ်များ ဖော်ဆောင်ရေးအတွက် ထိုင်းနိုင်ငံအား အကူအညီပေးရန် ကမ်းလှမ်း**

(ရနောင်းမြို့၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၊ ၂၀၂၅ ခုနှစ်) - Fortify Rights အဖွဲ့၏ ယနေ့ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်မှ စတင်၍ ထိုင်းအာဏာပိုင်များသည် မြန်မာအာဏာသိမ်း စစ်အုပ်စုအရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံသား ၃,၅၀၀ ကျော်ကို နယ်စပ်ဂိတ်တစ်ခုမှတစ်ဆင့် အတင်းအဓမ္မ ပြန်လည်ပို့ဆောင်ခဲ့သည်။ ပြန်ပို့ခံရသူ အများအပြားမှာ သေနတ်ထောက် ခြိမ်းခြောက်ခံရခြင်းအပါအဝင် အာဏာသိမ်း စစ်အုပ်စုတပ်ထဲသို့ အတင်းအဓမ္မ စစ်မှုထမ်းစေခိုင်းခြင်းတို့ကိုတွေ့ကြုံခံခဲ့ရသည်။ ထိုင်းအာဏာပိုင်များ၏ ဤလုပ်ရပ်များသည် ထိုင်းဥပဒေနှင့် နိုင်ငံတကာဥပဒေတို့အရ ညှဉ်းပန်းနှိပ်စက်မှု၊ အတင်းအဓမ္မ ပြန်လည်လွှဲပြောင်းပေးပို့ခြင်းနှင့် လူကုန်ကူးမှုအဖြစ် သတ်မှတ်နိုင်ပါသည်။

"ထောင်ပေါင်းများစွာသော မြန်မာပြည်သူများကို စစ်မှုထမ်းရန် အတင်းအဓမ္မ စုဆောင်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သေဆုံးနိုင်ခြေရှိသည့် အန္တရာယ်များကို သိရှိပါလျက်နှင့် မြန်မာစစ်အုပ်စု လက်ထဲသို့ ထိုင်းအရာရှိများက တွန်းပို့နေခြင်းသည် အလွန်ရက်စက် ကြမ်းကြုတ်ရာရောက်ပါတယ်။" ဟု Fortify Rights အဖွဲ့၏ အမှုဆောင်အရာရှိချုပ် Matthew Smith က ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံအနေဖြင့် မြန်မာအာဏာသိမ်းစစ်အုပ်စုနဲ့ တရားမဝင် ပူးပေါင်းဆောင်ရွက်နေမှုကို ချက်ချင်းရပ်တန့်သင့်ပြီး၊ တာဝန်ခံမှု တာဝန်ယူမှုရှိစေရန် အာမခံခြင်းနှင့် ထိရောက်သော ယန္တရားတစ်ရပ်ကို ဖော်ဆောင်ကာ မြန်မာနိုင်ငံသားများကို အတင်းအဓမ္မ ပြန်ပို့ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူကုန်ကူးခြင်းတို့မှ ကာကွယ်ပေးသင့်ပါတယ်။

ဤကိစ္စကို ဆောင်ရွက်နိုင်ရန်အတွက် ထိုင်းနိုင်ငံအား ကူညီပေးဖို့ Fortify Rights အဖွဲ့အနေဖြင့် အသင့်ရှိနေပါတယ်။”

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း၊ ထိုင်းလူဝင်မှုကြီးကြပ်ရေး အရာရှိများသည် ထိုင်းနိုင်ငံရှိ စစ်အုပ်စုလက်အောက်ခံ မြန်မာသံရုံးမှ အလုပ်သမားရေးရာသံမှူးနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံသား ၃,၅၀၀ ဦးကို ရနောင်း-ကော့သောင်း နယ်စပ်ဂိတ်မှတစ်ဆင့် အတင်းအဓမ္မ ပြန်ပို့ခဲ့သည်။ အတင်းအဓမ္မ ပြန်ပို့ခံခဲ့ရခြင်းမှ လွတ်မြောက်လာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက Fortify Rights အဖွဲ့ထံသို့ ရှင်းလင်းပြောပြခဲ့ သည်မှာ မြန်မာစစ်အုပ်စုလက်အောက်တွင် အတင်းအကျပ် စစ်မှုထမ်းခိုင်းစေခံရပုံ၊ ညှင်းပန်းနှိပ်စက် ခံရပုံများအပြင် နယ်စပ်နှစ်ဖက်စလုံးရှိ အရာရှိများ၏ ငွေကြေးညှစ်ယူမှုများ ပါဝင်သည်။



၂၀၂၅ ခုနှစ် မတ်လမှ နိုဝင်ဘာလအတွင်း Fortify Rights အဖွဲ့သည် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အတင်းအဓမ္မ ပြန်ပို့ခံခဲ့ရသူ မြန်မာနိုင်ငံသား၊ ၎င်းတို့၏ မိသားစုဝင်များ၊ ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ရနောင်း-ကော့သောင်း နယ်စပ်ဂိတ်မှ လွှဲပြောင်းပေးပို့မှုများတွင် ပါဝင်ခဲ့သော ထိုင်းလူဝင်မှုကြီးကြပ်ရေးအရာရှိများအားလုံးအပါအဝင် ၁၇ ဦး နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့အပြင် Fortify Rights အဖွဲ့သည် ထိုတရားမဝင် စီမံချက်၏ အတိုင်းအတာနှင့် အတင်းအဓမ္မ လွှဲပြောင်းပေးပို့မှုများတွင် မြန်မာစစ်အုပ်စု၏ ပါဝင်ပတ်သက်မှုကို သီးခြားလွတ်လပ်စွာ ဆန်းစစ်နိုင်ရန်အတွက် အများပြည်သူလက်လှမ်းမှီ ကြည့်ရှုနိုင်သော သတင်းရင်းမြစ်များ (open-source information) နှင့် ဓာတ်ပုံအထောက်အထားများကိုပါ စုဆောင်း၍ ခွဲခြမ်းစိတ်ဖြာခဲ့သည်။

ထိုင်းနိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့ပြီး၊ မြန်မာရွှေ့ပြောင်းမိဘများမှ ပေါက်ဖွားခဲ့သူ အသက် ၂၆ နှစ်အရွယ် "ကျော်ကလေး (အမည်လွှဲ)" ဟုခေါ် လူငယ်တစ်ဦး၏ Fortify Rights ထံ ပြောကြားချက်အရ၊ ၎င်းကို ထိန်းသိမ်းထားချိန်တွင်ပင် ''မင်းကို မင်းနိုင်ငံက ပြန်ခေါ်နေပြီ၊ ပြန်ပို့ဖို့ ရက်ချိန်းယူထားပြီးပြီ'' ဟူ၍ ထိုင်းလူဝင်မှုကြီးကြပ်ရေးအရာရှိများက ခြိမ်းခြောက်ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ် ဧပြီလ အစောပိုင်း၌ ထိုင်းအာဏာပိုင်များသည် ကျော်ကလေးအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထိုနှစ်နှောင်းပိုင်း၌ ထိုင်းအာဏာပိုင်များသည် မြန်မာစစ်အုပ်စုအရာရှိများနှင့် ပူးပေါင်းပြီး ကျော်ကလေးကို မြန်မာနိုင်ငံသို့ အတင်းအဓမ္မ ပြန်ပို့ခဲ့သည်။

၎င်းက Fortify Rights အဖွဲ့အား အောက်ပါအတိုင်း ပြောကြားခဲ့သည် -


> "ကျွန်တော်တို့ [နယ်စပ်ဖြတ်ကျော်ဖို့] လှေပေါ်မတက်ခင်ကတည်းက ထိုင်းအရာရှိတွေနဲ့ စစ်အုပ်စုအရာရှိတွေက အပြန်အလှန် ဆက်သွယ်ခဲ့ကြတယ်။ သူတို့က ကျွန်တော်တို့ကို အုပ်စုလိုက် ရပ်ခိုင်းပြီး လှေပေါ်မှာ ဓာတ်ပုံရိုက်ခဲ့တယ်။ အဲဒီနောက်မှ စစ်အုပ်စုအရာရှိတွေဆီ လွှဲပြောင်းပေးခဲ့တာပါ။ [နယ်စပ်တစ်ဖက်ခြမ်း]မှာတော့ မြန်မာရဲတွေက စောင့်နေခဲ့ကြတာကို တွေ့ရတယ်။"

FORTIFY RIGHTS

မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်အခါ စစ်အုပ်စုလက်အောက်ခံရဲများသည် ကျော်ကလေးကို အတင်းအဓမ္မ ပြန်ပို့ခံရသူ အခြား လူ ၁၀၀ ခန့်နှင့်အတူ အားကစားရုံကြီးတစ်ခုသို့ ခေါ်ဆောင်သွားသည်။ ထိုနေရာမှ သူက ဆက်လက်ပြောပြသည် -

> "စစ်အုပ်စုလက်အောက်ခံ ရဲအရာရှိက ကျွန်တော့်ကို ပထမဆုံးမေးတဲ့ မေးခွန်းက 'မင်း စစ်တပ်ထဲ ဝင်ချင်လား' ဆိုတာပဲ။ ကျွန်တော်က 'မဝင်ဘူး' လို့ ဖြေတော့၊ သူက 'မင်း မဝင်ချင်ရင် တခြားဘာလုပ်မလဲ။ မင်းအတွက် အပြင်မှာ လုပ်စရာဘာမှမရှိဘူး' လို့ ပြောတယ်။' ကျွန်တော်တို့ စကားများနေချိန်မှာပဲ သူက သေနတ်နဲ့ ကျွန်တော့်ခေါင်းကို ချိန်လိုက်တယ်။ ပြီးတော့ 'မင်းက ဘာကောင်မို့လို့လဲ။ ငါပြောတာကို နားမထောင်ဘဲ ဘာဖြစ်နေတာလဲ' လို့ ပြောပြီး ပါးစပ်ပိတ်ခိုင်းတယ်။ အဲဒီနောက် ကျွန်တော်တို့ကို ကော့သောင်းမြို့က ၂၆၂ တပ်ရင်း ထဲကို ခေါ်သွားတယ်။"

ထို့နောက်တွင် စစ်အုပ်စုသည် ကျော်ကလေးကို လေးလကြာ စစ်သင်တန်းတက်ရောက်ရန် အတင်းအကျပ် ခိုင်းစေခဲ့သည်။ ယင်းကာလတစ်လျှောက်လုံးတွင် မိသားစုနှင့် အဆက်အသွယ်ပြုလုပ်ခွင့်ကိုလည်း လုံးဝတားမြစ်ပိတ်ပင်ခဲ့သည်။ စစ်သင်တန်းပြီးဆုံးသောအခါ အရာရှိများသည် ကျော်ကလေးအား မွန်ပြည်နယ်ရှိ စစ်အုပ်စုတပ်စခန်းတစ်ခုသို့ ပြောင်းရွှေ့စေခဲ့သည်။ ထိုတပ်စခန်း၌ ၎င်းကို ကင်းလှည့်ခြင်းနှင့် ဘန်ကာများ (မြေအောက်ခံတုတ်ကျင်း) တူးခြင်းကဲ့သို့သော လုပ်ငန်းများ ကို အတင်းအကျပ် ခိုင်းစေခဲ့သည်။ နောက်ဆုံးတွင် ထိုနေရာမှ လွတ်မြောက်အောင် ကြိုးပမ်းနိုင်ခဲ့ပြီး လက်နက်ကိုင် တော်လှန်ရေးအဖွဲ့နှင့် ပူးပေါင်းခဲ့သည်။




အသက် ၃၂ နှစ်အရွယ် "ကြင်လှိုင် (အမည်လွှဲ)" သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ရနောင်း-ကော့သောင်း နယ်စပ်ဂိတ်မှ တစ်ဆင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အတင်းအဓမ္မ ပြန်ပို့ခံခဲ့ရသူဖြစ်သည်။ ၎င်းက Fortify Rights အဖွဲ့ထံ အောက်ပါအတိုင်း ထွက်ဆိုခဲ့သည် -

> "ကျွန်တော် ကော့သောင်းဘက်ခြမ်းကို ရောက်တဲ့အချိန်မှာ မြန်မာအာဏာသိမ်း စစ်အုပ်စု လက်အောက်ခံ ရဲနဲ့ စစ်သားတွေက ကျွန်တော်တို့ကို စောင့်ကြိုနေတာ တွေ့ရတယ်။ [ပြီးတော့] စစ်အုပ်စုက အသက် ၁၈ နှစ်ကနေ ၄၀ နှစ်အရွယ် အမျိုးသားတွေကို စစ်စခန်းတွေဆီပို့မယ် ဆိုတာကို လူသိရှင်ကြား ကြေညာခဲ့တယ်" [ကျွန်တော် စစ်စခန်းကို ရောက်တဲ့အခါ] ပခုံးပေါ်မှာ ကြယ်နှစ်ပွင့်ပါပြီး မြန်မာအလံပါတဲ့ စစ်ယူနီဖောင်းဝတ်ထားတဲ့ ဗိုလ်လေး လို့ ခေါ်တဲ့ စစ်အရာရှိတစ်ဦးက ကျွန်တော်တို့ကို စစ်မှုထမ်းရမယ့်ကာလ

သုံးလကြာမယ်လို့ ပြောတယ်” “ထွက်ပြေးဖို့ ကြိုးစားတဲ့သူတိုင်းကို ပစ်သတ်မယ်လို့ သူကခြိမ်းခြောက်ခဲ့တယ်။ ကျွန်တော့်ဘဝတော့ ဒီမှာတင်ပြီးပြီလို့ ခံစားလိုက်ရတယ်”

မြန်မာနိုင်ငံသားများသည် Fortify Rights အဖွဲ့ထံသို့ ၎င်းတို့အား ထိုင်းအရာရှိများ၊ မြန်မာစစ်အုပ်စု အရာရှိများနှင့် တရားမဝင် ‘ပွဲစား’ များက နယ်စပ်နှစ်ဖက်စလုံးတွင် ဒေါ်လာထောင်ပေါင်းများစွာ ငွေညှစ်ယူခဲ့ပုံကို ပြန်လည်ပြောပြခဲ့သည်။ ဤအခြေအနေနှင့် ပတ်သက်၍ အသက် ၂၆ နှစ်အရွယ် ‘အေးကြည် (အမည်လွှဲ)’ က အောက်ပါအတိုင်း ထွက်ဆိုသည် -

“[ကျွန်မရဲ့အစ်ကို အဖမ်းခံရပြီးနောက်] ထိုင်းရဲအရာရှိရဲ့လက်ထောက်အဖြစ် လုပ်ကိုင်နေတဲ့ ပွဲစားတစ်ဦးက ကျွန်မကို တိုက်ရိုက်ပြောလာတယ် ‘သူ့ကို အသွန်မခံချင်ရင် ထိုင်းဘတ်ငွေ လေးသောင်း (အမေရိကန်ဒေါ်လာ ၁,၂၂၀ ခန့်) ပေး၊ ငါတို့ ပြန်မပို့ဘူး’ လို့ပေါ့။ ပြီးတော့ ‘ဒီငွေကို မြန်မာဘက်ခြမ်းကသူတွေနဲ့ တစ်ဝက်စီ ခွဲယူမယ်’ လို့လည်း သူက ထပ်ပြောခဲ့တယ်။’

ထိုငွေပမာဏကို မပေးနိုင်သည့်အတွက် အေးကြည်၏ အစ်ကိုသည် မြန်မာနိုင်ငံသို့ အတင်းအဓမ္မ ပြန်ပို့ခံခဲ့ရသည်။ ၎င်းပြန်ရောက်ရာအရပ်၌ စစ်အုပ်စုက သူ့ကို အတင်းအဓမ္မ စစ်မှုထမ်းခိုင်းခဲ့သည်။ သူမက ဆက်လက်၍ ထွက်ဆိုသည် -

“ကျွန်မ အစ်ကိုဆီက ဖုန်းလက်ခံရရှိခဲ့ပြီး၊ သူ ‘ခုနစ်မိုင်’ စစ်စခန်းကို ရောက်နေပြီဖြစ်ကြောင်း ပြောပြတယ်။ ‘ငါတို့ ငွေမပေးနိုင်ရင် အောက်တိုဘာ ၁၆ ရက်နေ့မှာ မင်းအောင်လှိုင် [စစ်သင်တန်းကျောင်း] ကို ပို့ခံရလိမ့်မယ်’ လို့လည်း ကျွန်မကို သတိပေးတယ်။ ‘မနက်ဖြန်ကျရင် လူတစ်ယောက် နင့်ကို ဆက်သွယ်လိမ့်မယ်၊ ငါ့ကိုကယ်ဖို့ သူနဲ့ဆက်သွယ်ပါ’ တဲ့။ အဲဒီနောက်မှာ [မြန်မာစစ်တပ်] စခန်းရဲ့ ဂိတ်မှူးက ထိုင်းဘတ်ငွေ ၅,၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၃ ခန့်) ထပ်တောင်းပါတယ်။”

တောင်းဆိုသည့် ပိုက်ဆံ ပေးလိုက်သော်လည်း၊ တစ်လကျော်ကြာသည်အထိ အေးကြည်သည် သူမ၏ အစ်ကိုနှင့် ပတ်သက်၍ မည်သည့်သတင်းကိုမျှ မကြားရသေးပေ။ Fortify Rights အဖွဲ့ထံ

သူမက စိတ်မကောင်းစွာ ပြောကြားသည်မှာ "အကယ်၍ ကျွန်မသာ ဆုတစ်ခု တောင်းခွင့်ရှိခဲ့မယ်ဆိုရင်၊ ကျွန်မအစ်ကို အမြန်ဆုံးလွတ်မြောက်ဖို့ပဲ ဆုတောင်းမိမှာပါ" ဟူ၍ ဖြစ်သည်။

ရနောင်းမြို့အခြေစိုက် ရွှေ့ပြောင်းလုပ်သားခေါင်းဆောင် "ကိုစန်းဝင်း (အမည်လွှဲ)" သည်လည်း မြန်မာနိုင်ငံသားများအား အတင်းအဓမ္မ ပြန်ပို့ခံရခြင်းနှင့် စစ်မှုထမ်းရန် ဖမ်းဆီးခံရခြင်းတို့မှ ရှောင်ရှားနိုင်စေရန် ကူညီပေးခဲ့သူဖြစ်သည်။ ၎င်းက Fortify Rights အဖွဲ့ထံ အောက်ပါအတိုင်း ထွက်ဆိုခဲ့သည် -

> "အကူအညီတောင်းဖို့ လာကြတဲ့ မြန်မာလူမျိုးအများစုဟာ ဒီမှာ [ရနောင်းမှာ] အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြသူတွေပါ။ မြန်မာဘက်ခြမ်းမှာ သူတို့ရဲ့ ဆွေမျိုးသားချင်း ဘယ်သူမှ မရှိတော့ဘူး။ ကျွန်တော်တို့ [ထိုင်း] လူဝင်မှုကြီးကြပ်ရေးကို အကူအညီတောင်းတဲ့အခါ သူတို့က ဖမ်းဆီးခံရသူတွေကို ရနောင်းကို လွှဲပြောင်းပေးပြီးတာနဲ့ [မြန်မာစစ်အုပ်စု] သံရုံးက နာမည်စာရင်း လာကောက်မယ်လို့ ပြောတယ်။ သူတို့စာရင်းရပြီးတဲ့နောက် မြန်မာနိုင်ငံကို ပို့လိုက်တယ်။ အဲဒီနောက်မှာ ဟိုဘက်က အာဏာပိုင်တွေက ရက်စွဲကို ပြန်အတည်ပြုပေးတယ်။ ပြီးရင် [အဲဒီရက်မှာ] သူတို့ လာခေါ်သွားတာပဲ။ အများစုက မြန်မာဘက်ခြမ်းကို ရောက်တာနဲ့ စစ်မှုထမ်းဖို့ ချက်ချင်း ခေါ်သွားခြင်းခံရပါတယ်။"

ထိုအခြေအနေနှင့်ပတ်သက်ပြီး ထိုင်းအစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးစေလိုကြောင်း မေးမြန်းခဲ့ရာ၊ ကိုစန်းဝင်းက အောက်ပါအတိုင်း ဖြေကြားခဲ့သည် -

> "ကျွန်တော့်အနေနဲ့ ထိုင်းအစိုးရကို တောင်းဆိုချင်တာက စာနာထောက်ထားမှုလေး ထားပေးဖို့ပါပဲ။ မြန်မာပြည်သူတွေဟာ ဆင်းရဲဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေကြရတယ်။ သူတို့တွေက အန္တရာယ်ကနေ ထွက်ပြေးပြီး လုံခြုံမှုအတွက် ဒီကိုရောက်လာကြတာပါ။ သူတို့ဟာ အသက်ရှင်သန်ဖို့အတွက် တိမ်းရှောင်နေကြရတာပါ။ သူတို့ကို ဖမ်းဆီးမယ် ဆိုရင်တောင် ကောင်းပါပြီ၊ ဖမ်းနိုင်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကိုတော့ ပြန်မပို့ဘဲ ထားလို့

မရဘူးလား။ သူတို့တွေ သေဘေးကနေ [တစ်ကြိမ်] လွတ်မြောက်ခဲ့ပြီးသားပါ။ သူတို့ကို ပြန်ပို့လိုက်မယ်ဆိုရင် သေတွင်းထဲ ပြန်ပို့လိုက်တာနဲ့ အတူတူပါပဲ။ ကျွန်တော့်အနေနဲ့ လူသားချင်းစာနာမှု ရှုထောင့်ကနေ ရှုမြင်စေချင်တာပါ။ တကယ်လို့ ကူညီချင်တယ် ဆိုရင် သူတို့ ဒီမှာ တရားဝင် နေထိုင်ခွင့်ရဖို့အတွက် အသိအမှတ်ပြုကတ် တစ်မျိုးမျိုး လျှောက်ထားခွင့်ပြုပေးလို့မရဘူးလား။ အလုပ်လုပ်ဖို့ လာတဲ့သူတွေကို အလုပ်လုပ်ခွင့်ပြုပါ။ ထွက်ပြေးလာတဲ့သူတွေ ကိုတော့ အနည်းဆုံး နေခွင့်လေးတော့ ပေးလို့မရဘူးလားဗျာ။"

Fortify Rights အဖွဲ့သည် ၎င်းတို့၏ တွေ့ရှိချက်များကို ရနောင်းလူဝင်မှုကြီးကြပ်ရေး ဒုတိယကြီးကြပ်ရေးမှူး ထံသို့ တင်ပြခဲ့သည်။ တင်ပြရာတွင် လူဝင်မှုကြီးကြပ်ရေးဗျူရို၏ ပုံမှန်လုပ်ထုံး လုပ်နည်းများနှင့် အတင်းအဓမ္မ ပြန်ပို့မှုများတွင် မြန်မာစစ်အုပ်စု ပါဝင်ပတ်သက်နေမှုအပေါ် ရှင်းလင်းချက်ပေးရန်လည်း တောင်းဆိုခဲ့သည်။ ဒုတိယကြီးကြပ်ရေးမှူးက လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့သော်လည်း၊ အောက်ပါ အတိုင်း ပြောကြားခဲ့သည် -

"ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ရနောင်း-ကော့သောင်း နယ်စပ်မှတစ်ဆင့် ပြန်ပို့ရန် စောင့်ဆိုင်းနေကြရသည်။ ထိုသို့ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းများတွင် မြန်မာ [စစ်အုပ်စု] အလုပ်သမားရေးရာသံမှူးက ညှိနှိုင်းကူညီပေးနေတာဖြစ်သည်။ မြန်မာအလုပ်သမားရေးရာသံမှူး လုပ်ဆောင်ရတဲ့ အခန်းကဏ္ဍက ဘာလဲဆိုတာ ကျွန်တော် တကယ်မသိပါဘူး။ ကျွန်တော်တို့အနေနဲ့တော့ လူဝင်မှုကြီးကြပ်ရေးဥပဒေ ပုဒ်မ ၅၄ အောက်က အခွင့်အာဏာ အရ လူတွေကို ပြန်ပို့နေရတာပါ။ သူတို့ကို ပြန်ပို့ပြီးတဲ့နောက် ဘယ်နေရာကို ပို့လိုက်လဲ ဆိုတာ ကျွန်တော်တို့ မသိပါဘူး။ အဲဒါ မြန်မာဘက်ခြမ်းရဲ့ ကိစ္စပါ။ လူဝင်မှုကြီးကြပ်ရေးရဲ့ တာဝန်ဟာ လွှဲပြောင်းပြီးတာနဲ့ ပြီးဆုံးသွားပါပြီ။"

ထိုင်းနိုင်ငံသည် နိုင်ငံတကာဥပဒေနှင့် ပြည်တွင်းဥပဒေနှစ်ရပ်စလုံးအရ အတင်းအကျပ် ပြန်ပို့ခြင်း (forced returns) သို့မဟုတ် လူတစ်ဦးကို ၎င်းတို့၏ အသက်အန္တရာယ်ရှိသော နိုင်ငံ သို့မဟုတ် ဒေသကို အတင်းအဓမ္မပြန်လည် ပို့ဆောင်ခြင်း (refoulement) ကို တားဆီးရန် ဥပဒေဆိုင်ရာ

တာဝန်ရှိသည်။ အတင်းအဓမ္မပြန်လည် ပို့ဆောင်ခြင်း (refoulement) ကို တားမြစ်သည့်မူသည် ဓလေ့ထုံးတမ်းအရ ပေါ်ပေါက်လာသော နိုင်ငံတကာဥပဒေ (customary international law) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်း လိုက်နာရန် တာဝန်ရှိသည်။ ဤမူအရ နိုင်ငံများသည် လူပုဂ္ဂိုလ်တစ်ဦးကို အခြားနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်းမပြုမီ၊ ၎င်းတို့သည် နှိပ်စက်ညှဉ်းပန်းခံရမှု၊ ဖိနှိပ်ခံရမှု သို့မဟုတ် အခြားသော ပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို အကဲဖြတ်ဆန်းစစ်ရန် တာဝန်ရှိသည်။ ဆိုလိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးက နိုင်ငံတော်ထံမှ အကာအကွယ်တောင်းခံမှု ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ သို့မဟုတ် စိုးရိမ်ပူပန်မှု ထုတ်ဖော်ပြောဆိုသည်ဖြစ်စေ၊ မပြောဆိုသည်ဖြစ်စေ၊ ဤဥပဒေတာဝန်ကို နိုင်ငံတိုင်းက မပျက်မကွက် လိုက်နာရမည်ဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးများရုံး (U.N. Office for the High Commissioner for Human Rights) ၏ အဆိုအရ၊ အတင်းအဓမ္မပြန်လည် ပို့ဆောင်ခြင်းမပြုရ (non-refoulement) မူသည် ဒုက္ခသည်များသာမက "ရွှေ့ပြောင်းအခြေအနေ မည်သို့ပင်ရှိစေကာမူ ရွှေ့ပြောင်းနေထိုင်သူအားလုံး အပေါ်တွင် အချိန်ပြည့် သက်ရောက်မှုရှိသည်" ဟု ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အတင်းအကျပ် ပျောက်ဆုံးစေခြင်းမှ ကာကွယ်တားဆီး နှိမ်နင်းရေး ဥပဒေ (Prevention and Suppression of Torture and Enforced Disappearance Act) ပုဒ်မ ၁၃ သည် အတင်းအဓမ္မပြန်လည် ပို့ဆောင်ခြင်း (refoulement) ကိုလည်း တားမြစ်ထားသည်။ ၎င်းဥပဒေတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် "လူပုဂ္ဂိုလ်တစ်ဦးသည် နှိပ်စက်ညှဉ်းပန်းခံရခြင်း သို့မဟုတ် အခြားပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ ခံရနိုင်သည့် အန္တရာယ်ရှိကြောင်း ခိုင်လုံသော အထောက်အထားများတွေ့ရှိပါက၊ မည်သည့် အစိုးရအဖွဲ့အစည်း သို့မဟုတ် အရာရှိကမျှ ၎င်းအား အခြားနိုင်ငံသို့ နှင်ထုတ်ခြင်း၊ ပြန်ပို့ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း မပြုရ။"

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ထိုင်းနိုင်ငံသည် အကြမ်းဖက်မှုနှင့် ဖိနှိပ်ညှဉ်းပန်းမှုများမှ ထွက်ပြေးလာသူများအား အကန့်အသတ်ဖြင့် အကာအကွယ်ပေးရန် ရည်ရွယ်သော "အမျိုးသား

စိစစ်ရေး ယန္တရား" (National Screening Mechanism) ကို စတင် မိတ်ဆက်ခဲ့သည်။ သို့သော်လည်း ယင်းယန္တရားတွင် အကျုံးဝင်သော သတ်မှတ်ချက်များသည် ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သား အဖြစ် ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို ခွဲခြား၍ ဖယ်ထုတ်ထားသည်။ ထိုင်းနိုင်ငံတွင် သင့်လျော်သော ဥပဒေအကာအကွယ်များ မရရှိသည့်အတွက် မြန်မာနိုင်ငံသား ထောင်ပေါင်း များစွာသည် အကြမ်းဖက်မှုနှင့် ဖိနှိပ်ညှဉ်းပန်းမှုများ ဖြစ်ပွားနေသည့် အခြေအနေများဆီသို့ အတင်းအဓမ္မ လွှဲပြောင်းပေးပို့ခြင်းခံနေကြရသည်။

ထိုင်းနိုင်ငံသည် လူမှောင်ခိုကူးမှုကို တားဆီးရန်၊ နှိမ်နင်းရန်နှင့် တရားစွဲဆိုအရေးယူရန် ဥပဒေဆိုင်ရာ တာဝန်များလည်း ရှိသည်။ နိုင်ငံတကာဥပဒေအရ လူမှောင်ခိုကူးမှုတွင် အောက်ပါအချက် ၃ ချက် ပါဝင်သည်။

၁။ လုပ်ဆောင်ချက် (Act) - လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထိန်းသိမ်းထားခြင်း၊ အခြားနေရာသို့ ပို့ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း

၂။ နည်းလမ်း (Means) - အနိုင်ကျင့်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အာဏာကို အလွဲသုံးစားပြုခြင်းနှင့်

၃။ ခေါင်းပုံဖြတ် အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက် (Purpose of exploitation) - အဓမ္မလုပ်အားခိုင်းစေခြင်း၊ သို့မဟုတ် ယခုဖော်ပြပါအခြေအနေတွင် တရားမဝင်စစ်တပ်က အတင်းအကျပ် စစ်မှုထမ်းခိုင်းစေခြင်း စသည့် အမြတ်ထုတ်လိုသော ရည်ရွယ်ချက်တို့ ဖြစ်သည်။ Fortify Rights မှ စုဆောင်းထားသော အထောက်အထားများအရ မြန်မာနိုင်ငံသား များကို ထိုင်းနိုင်ငံမှ အတင်းအဓမ္မ ပြန်လည်ပို့ဆောင်ရာတွင် အထက်ဖော်ပြရာအချက် ၃ ချက်လုံး ပါဝင်နေကြောင်း ဖော်ပြသည်။

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံသားများအား ၎င်းတို့၏ ရောက်ရှိနေထိုင်မှုကို တရားဝင် စာရင်းသွင်းခွင့် ပြုပြီး အခြေခံအခွင့်အရေးနှင့် အကာအကွယ်များကို ရရှိနိုင်မည့် ထိရောက်သော ခိုလှုံခွင့် လုပ်ငန်းစဉ် တစ်ရပ်ကို မဖြစ်မနေ ထူထောင်ရမည်ဟု Fortify Rights အဖွဲ့က ပြောကြားသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းယူခဲ့သည့် အချိန်မှစ၍ မြန်မာစစ်အုပ်စုသည် နိုင်ငံအနှံ့တွင် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် နှိပ်စက်ညှဉ်းပန်းမှု၊ ဖိနှိပ်မှုနှင့် အခြားသော အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်။ ထိုရာဇဝတ်မှုများအနက် အများစုသည် စစ်ရာဇဝတ်မှုများ (war crimes) နှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ (crimes against humanity) မြောက်သည် ဟု Fortify Rights အဖွဲ့၊ ကုလသမဂ္ဂ (UN) မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး အပါအဝင် အခြားသော အဖွဲ့အစည်းများ၏ ဥပဒေပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာချက်များအရ သိရှိရသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) ရှေ့နေချုပ်သည် မြန်မာ့တရားမဝင် စစ်အုပ်စု ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ဖမ်းဝရမ်း ထုတ်ပေးရန် တောင်းဆိုခဲ့သည်။

မြန်မာအာဏာသိမ်း စစ်အုပ်စုသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်မှုမထမ်းမနေရ ဥပဒေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်အသက်သွင်းခဲ့ပြီး၊ ယင်းဥပဒေအရ အသက် ၁၈ နှစ်မှ ၃၅ နှစ်အရွယ် အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်အရွယ် အမျိုးသမီးများသည် စစ်မှုထမ်းရန် တာဝန်ရှိသည်။ ယင်းအကျိုးဆက်ကြောင့် တစ်နိုင်ငံလုံးအနှံ့ ကြီးမားသော စိုးရိမ်ထိတ်လန့်မှုများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပွားခဲ့သည်။ ထို့အပြင် စစ်အုပ်စုသည်လည်း ပြည်သူအများ အပြားကို ဥပဒေမဲ့ ဖမ်းဆီးခြင်းနှင့် လူငယ်အမျိုးသား၊ အမျိုးသမီး ထောင်ပေါင်းများစွာကို အတင်းအဓမ္မ ပျောက်ဆုံးစေခြင်း စသည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်။

‘‘မြန်မာစစ်အုပ်စုသည် အရပ်သားများအပေါ် ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များကို ဆက်လက် ကျူးလွန်နေသည်" ဟု Matthew Smith က ထောက်ပြပြောဆိုခဲ့သည်။ “မြန်မာလူငယ်များအား စစ်အုပ်စုထံ တိုက်ရိုက်လွှဲပြောင်းပေးခြင်းသည် ထိုင်းနိုင်ငံကို စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ၌ ပါဝင်ပတ်သက်စေရုံသာမက ဤလုပ်ရပ်သည် လူကုန်ကူးမှုမြောက်နိုင်ပြီး ထိုင်းဥပဒေကိုလည်း အတိအလင်း ချိုးဖောက်ရာ ရောက်နေသည်”

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**Fortify Rights Communications Team**
media@fortifyrights.org

**Matthew Smith**
Chief Executive Officer (အမှုဆောင်အရာရှိချုပ်**)**
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 85 028 0044 (Signal; WhatsApp)
+1 202 503 8032 (U.S.)
**အီးမေးလ်** - Matthew.Smith@FortifyRights.org
**တွစ်တာ/X -** @MatthewFSmith, @FortifyRights